# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 9, 2024 | Volume 80, Number 7

၉.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅၃၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၈.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ရှမ်းပြည်နယ်(တောင်ပိုင်း)ထွက် နာနတ်သီးများ ဈေးကွက်ရောက်ရှိ



နာနတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်၊ နမ့်စန်၊ မိုင်းကိုင်၊ မိုင်းပန်မြို့များ၌ ဧက ၁၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း၊ နာနတ်သီးစိုက်ပျိုးရာတွင် အသီးပေါ်ရှိအပင်အား စိုက်ပျိုးလျှင် ၃ နှစ်အကြာတွင်လည်းကောင်း ပင်စည်မှထွက်ရှိလာသော အတက်များကို စိုက်ပျိုးလျှင် ၂ နှစ် အကြာတွင်လည်းကောင်း အသီးများစတင် ခူးဆွတ်နိုင်ပြီး ဇွန်လနှင့်ဇူလိုင်လများတွင် နာနတ်သီးများထွက်ပေါ်လေ့ရှိကြောင်း သိရသည်။ နာနတ်အပင်၏ သက်တမ်းမှာ ၇ နှစ်ရှိပြီး “နှစ်လတ်” သီးနှံဖြစ်ကြောင်း၊ နာနတ်ပင် တစ်ကြိမ်စိုက်ပျိုးပြီး ကျန်နှစ်များတွင် ပေါင်းများ/မြက်များရှင်းလင်းခြင်းနှင့် အပင် ပြုစုခြင်းအတွက်စရိတ်သာကုန်ကျပြီး နှစ်စဉ်ဝင်ငွေရရှိသဖြင့် တောင်သူများ အကျိုးအမြတ်ရရှိသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

နာနတ်သီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၄,၀၀၀ လုံးခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နာနတ်သီးစတင်ထွက်ရှိချိန်တွင် နာနတ်သီး(ဒေသသီး) တစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း၊ ပျားနာနတ်တစ်လုံးလျှင် ငွေကျပ် ၃၅၀၀ ဖြင့် လည်းကောင်း ရောင်းချရပြီး နာနတ်သီး (ဒေသသီး)နှင့် ပျားနာနတ်တို့၏ ဈေးနှုန်းများမှာ အရည်အသွေးအပေါ်မူတည်၍ ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် တန်ဖိုးမြှင့် ထုတ်ကုန် (Value Added)ထုတ်လုပ်ရန် ဝိုင်လုပ်ငန်းရှင်များ၊ ဖျော်ရည်လုပ်ငန်းရှင်များနှင့် ယိုလုပ်ငန်းရှင်များမှလည်း ခြံပြတ်လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ထွက်ရှိလာသော နာနတ်သီးများအား ဒေသတွင်းနှင့်

နေပြည်တော်၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်နာနတ်သီးဈေးနှုန်းများမှာ ယခင်နှစ်များထက် ဈေးပိုမိုရရှိနိုင်သဖြင့် နာနတ်သီးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: DOCA (ရှမ်း)**

## မြန်မာ့သကြားကို တရုတ်က ဈေးကောင်းပေးဝယ်နေ



မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနဲ့ရန်ကုန်တိုင်းတို့ကထွက်ရှိတဲ့ အရည်အသွေးပြည့်မီတဲ့ သကြားတွေကို တရုတ်နိုင်ငံဘက်က ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိနေကြောင်း သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း(မန္တလေး)ကနေ သိရပါတယ်။

မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာရှိနေပါတယ်လို့ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောပါ တယ်။ မန္တလေးဈေးကွက်အတွင်းမှာ ဇူလိုင်လပထမပတ်မှစတင်ပြီး သကြားအရောင်းအဝယ် ကောင်းမွန်လျက်ရှိပါတယ်။

ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့သကြားတွေကို ဝယ်လက်တွေဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ဗီယက်နမ်နိုင်ငံတို့က ဝယ်ယူမှုရှိပြီး ယခုလတ်တလောမှာတော့ ပြည်ပကုန်သည်တွေရဲ့ သကြားဝယ်လိုအား မြင့်တက်လာပါတယ်။ ဒါ့အပြင် ပြည်တွင်းဈေးကွက်အတွင်းမှာပါ သကြားဝယ်လိုအား များပြားလာခြင်းကြောင့် အရောင်းအဝယ်လည်း ပြန်လည်ကောင်းမွန်လာပါတယ်။

သကြားက အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်စည်လက်ကျန်နည်းသွားတာမျိုးတော့မရှိနိုင်ဘူးလို့ အသင်းတာဝန်ရှိသူက ဆိုပါတယ်။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအရောင်းအဝယ်ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ နည်းသွားနိုင်ပါတယ်လို့ ၎င်းကဆက်ပြောပါတယ်။

မန္တလေးဈေးကွက်အတွင်းမှာတော့ ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာ ငွေကျပ် ၄၈၀၀ ခန့်အထိ ပေါက်ဈေးရှိနေပါတယ်။ လက်ရှိမှာ သကြားကို ပြည်တွင်းစားသုံးမှုအတွက် အဓိကဦးစားပေးပြီး ပိုလျှံတဲ့သကြားတွေကိုပဲ ပြည်ပနိုင်ငံတွေထံ တင်ပို့ရောင်းချနေတာပါ။ ပြည်တွင်းမှာ တစ်နှစ်ကို ပျမ်းမျှ သကြားတန်ချိန် ၄ သိန်းခန့်ထွက်ရှိကြောင်း ကြံစိုက်တောင်သူတွေက ပြောဆိုပါတယ်။

**Source: BETV Business**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးအပါအဝင် လယ်ယာထွက်ကုန်နှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက ကွမ်းသီးအနု ပိဿာချိန် ၆၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ကွမ်းသီးအနု ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ “ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဘက်ကိုတင်ပို့ကုန်အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၉၅,၀၀၀ ထိဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကို အများဆုံးတင်ပို့ရောင်းချပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လုပ်ကိုင်နေရပါတယ်”ဟု ဖျာပုံမြို့နယ် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဖျာပုံမြို့နယ်က ထွက်ရှိသည့်ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့်ဈေးကွက်

နှစ်မျိုးသာရှိပြီး ယခုအခါ ကွမ်းသီးအနုသီးများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ကွမ်းသီးအနုများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းသည် ကွမ်းသီးအနုများကို ပြည်ပဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်ဆန်တင်ပို့မှု ဈေးနှုန်းများဆက်လက်မြင့်တက်

ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ ယခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားဈေးကွက်အများအပြား၌ ဗီယက်နမ်ဆန်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပျမ်းမျှဆန်တင်ပို့မှု ဈေးနှုန်းသည် ယခင်နှစ် အလားတူကာလထက် ၁၈ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး ဘရူနိုင်းတွင် စပါးတစ်တန်လျှင် ၉၅၉ ဒေါ်လာ၊ အမေရိကန်တွင် ၈၆၈ ဒေါ်လာ၊ နယ်သာလန်တွင် ၈၅၇ ဒေါ်လာ၊ ယူကရိန်းတွင် ၈၄၇ ဒေါ်လာ၊ အီရတ်တွင် ၈၃၆ ဒေါ်လာနှင့် တူရကီတွင် ၈၃၁ ဒေါ်လာရှိကြောင်း ဖော်ပြထားသည်။

အထူးသဖြင့် ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံမှ ပြင်သစ်သို့ ဆန်တင်ပို့မှုသည် တန်ချိန် ၁၈,၂၀၀ အထိ သိသိသာသာ တိုးလာခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁ သန်းရှိကြောင်း သိရသည်။ အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံသည် ဥရောပသမဂ္ဂ (EU) သို့ တန်ချိန် ၄၆,၀၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄ သန်းရရှိခဲ့ကြောင်းနှင့် ယခင်နှစ် အလားတူကာလထက် ၁၁၈ ရာခိုင်နှုန်းနီးပါး တိုးမြင့်လာခဲ့ကြောင်း သိရသည်။

EU ရှိ ဗီယက်နမ်ကုန်သွယ်မှုရေးရုံးမှ ဗီယက်နမ်၏ အထူးဆန်မွှေးမျိုးကွဲများဖြစ်သည့် ST25၊ ST24၊ Nang Hoa နှင့် OM တို့သည် ၎င်းတို့၏ ထူးခြားသောအရည်အသွေးကြောင့် ဈေးကွက်တွင် လူကြိုက်များပြီး ဈေးနှုန်းမြင့်မားလာကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလအတွင်း အမေရိကန်ဈေးကွက်သို့ ဆန်တန်ချိန် ၁၃၅,၃၀၀ တန် အထိ တင်ပို့ခဲ့ကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၅ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၉၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။ ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၄ ဒသမ ၇ သန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကာ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံနီးပါး ရှိကြောင်းနှင့် ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

**Source: VN Economy**

**(စီးပွားရေးသံမှုး၊ဗီယက်နမ်)**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိကြောင်း The Hindustan Times သတင်းဌာနက ယခုလ ၄ ရက်ကဖော်ပြသည်။ ယခုနှစ် ဧပြီလမှစ၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေကြောင့် ပြည်သူအများစုစားသုံးသော ဟင်းသီးဟင်းရွက်များ၏ ရောင်းလိုအား ကျဆင်းမှုနှင့်အတူ အဆိုပါသီးနှံသုံးမျိုးအပေါ် ဝယ်လိုအားမြင့်တက်မှု ယှဉ်တွဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကြက်သွန်နီလက်ကားဈေးနှုန်းမှာ လွန်ခဲ့သောနှစ်ကဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ၁၀၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ယခင်နှစ်က ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၁၂၆၀ ဒသမ ၆၆ မှ ယခုနှစ်တွင် ရူပီး ၂၆၀၃ ဒသမ ၅၅ သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အာလူးဈေးနှုန်းမှာ ယခင်နှစ်က ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၁၀၇၆ ဒသမ ၁၄ မှ ၂၁၁၆ သို့ ၉၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လက ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၅၈၅ ဒသမ ၈၄ မှ ၃၃၆၈ ဒသမ ၂၈ သို့ ၁၁၂ ဒသမ ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယင်းကဲ့သို့သီးနှံဈေးနှုန်းများ မြင့်တက်ရခြင်း၏ အကြောင်းအရင်းတစ်ခုမှာ ယမန်နှစ်က မိုးရွာသွန်းမှု ပုံမှန်မရှိခဲ့သည့်အတွက် သီးနှံအထွက်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး ကြက်သွန်နီထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် အိန္ဒိယအနေဖြင့် ယမန်နှစ်က ကြက်သွန်နီ ပြည်ပတင်ပို့မှုကို ကန့်သတ်ပိတ်ပင်ပြီး၊ ယခုနှစ် မေလတွင် ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းဖြင့် ပြန်လည်တင်ပို့ခွင့်ပြုခဲ့သည်။ ကြက်သွန်နီလက်လီဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၄၂ ဒသမ ၂၁ ရှိပြီး၊ လွန်ခဲ့သောနှစ်ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် ၈၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် အာလူးလက်လီဈေးနှုန်းမှာ လွန်ခဲ့သောနှစ်က ၁ ကီလိုဂရမ်လျှင် ရူပီး ၂၁ ဒသမ ၉၁ မှ ယခုနှစ်တွင် ရူပီး ၃၄ ဒသမ ၄ သို့ ၅၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အပူလှိုင်းဝင်ရောက်မှုကြောင့် လတ်ဆတ်သောဟင်းသီးဟင်းရွက်များကို သိသိသာသာပုပ်သိုးစေသည့်အတွက် အဆိုပါ အခြေအနေကို ပိုမိုဆိုးရွားလာစေသည်။ ယခုနှစ်တွင် နွေရာသီသီးနှံစိုက်ပျိုးမှုတိုးတက်ကာ စားသောက်ကုန်ဈေးနှုန်း ဖောင်းပွမှု သက်သာစေပြီး၊ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာလိမ့်မည်ဟု တာဝန်ရှိသူများက ယူဆထားကြောင်း သိရသည်။ သို့သော် ရာသီဥတုပြောင်းလဲမှုနှင့် လတ်တလောအပူချိန်မြင့်တက်မှု အခြေအနေများအရ အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာရောင်းလိုအား ကွင်းဆက်တွင် ထိခိုက်မှုများဖြစ်ပေါ်လျက်သည်ကိုတွေ့ရကြောင်း အဆိုပါသတင်းဌာနက ဖော်ပြထားသည်။

**ရည်ညွှန်း။ hindustantimes.com, Sharp rise in onion, potato, tomato prices, Jul 04, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၊ Queen Sirikit National Convention Center (QSNCC) တွင် "70th Bangkok Gems & Jewelry Fair BGJF 2024" ပြပွဲ ကျင်းပပြုလုပ်မည်

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီး ဌာန (DITP) သည် "70th Bangkok Gems & Jewelry Fair BGJF 2024" ပြပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ Queen Sirikit National Convention Center (QSNCC) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသမည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက် ထိုင်းနိုင်ငံ၊ DITP ဌာနမှ ပြခန်း ၂ ခန်းကို အခမဲ့ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပြခန်းအကျယ်အဝန်းမှာ ၉ sqm ရှိကြောင်း ဖော်ပြပါရှိသည်။ "70th Bangkok Gems & Jewelry Fair BGJF 2024" ပြပွဲသို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်း နိုင်ပါကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## အပူဒဏ်နှင့်ခရီးသွားလုပ်ငန်းတိုးတက်မှုအရ ဂျပန်နိုင်ငံ၌ ဆန်ဈေးနှုန်းများမြင့်တက်



ဂျပန်နိုင်ငံရှိ ဆူပါမားကက်များတွင် ပျမ်းမျှဆန်ဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍများမှ ၂၆-၆-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင်ဖော်ပြသည့် အချက်အလက်များအရ သိရှိရပြီး ယခင်နှစ် နွေရာသီ၌ ပုံမှန်မဟုတ်သော အပူချိန် မြင့်မားမှုကြောင့် ဆန်ထောက်ပံ့မှု လျော့ကျလာခြင်းနှင့် ဂျပန် နိုင်ငံသို့ ခရီးသွားများ လာရောက်လည်ပတ်မှု တိုးတက်လာပြီး ဝယ်လိုအားမြင့်မားလာခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက် ခဲ့ကြောင်း ပညာရှင်များက ပြောဆိုကြသည်။

တိုကျိုမြို့ရှိ သတင်းအချက်အလက် ဝန်ဆောင်မှုဌာနတစ်ခုဖြစ်သည့် True Data Inc. ၏ ပြောကြားချက်အရ ဆန်ဈေးနှုန်းသည် ဇွန်လ ၃ ရက်မှ ၉ ရက်အတွင်း ၅ ကီလိုဂရမ်လျှင် ၁၉၇၈ ယန်း (၁၂ ဒေါ်လာ) သို့ ရောက်ရှိခဲ့ကြောင်း၊ ၎င်းနှုန်းထားသည် ပြီးခဲ့သည့် ၂ နှစ်တာ ကာလအတွင်း အမြင့်ဆုံးဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းထက် ၁၉၁ ယန်း ပိုမိုမြင့်တက်ခဲ့သည်။

ယခင်နှစ်ကာလ၌ နွေရာသီအပူရှိန်ကြောင့် စပါးစိုက်ပျိုးထုတ်လုပ်သူများအတွက် အခြေအနေဆိုးရွားခဲ့ပြီး အဓိက စားသုံးသီးနှံဖြစ်သော စပါးရိတ်သိမ်းမှုမှာ ယခင် တစ်နှစ်ကထက် ဆန်တန်ချိန် ၉၁,၀၀၀ လျော့နည်းလျက် တန်ချိန် ၆ ဒသမ ၆၁ သန်းသို့ ကျဆင်းထွက်ရှိခဲ့သည်။

ဆန်ရောင်းလိုအားနှင့် ဝယ်လိုအား ဟန်ချက်ညီမျှမှုသည် ၂၀၂၃ ခုနှစ်၊ နှစ်ကုန်ပိုင်းမှ စတင်ကျပ်တည်းလာပြီး ထောက်ပံ့မှု ပြတ်တောက်ခြင်းများလည်း ဖြစ်ပွားခဲ့ကြောင်း၊ ယခုနှစ် ဆန်အထွက်ပမာဏအပေါ်မူတည်၍ ဆူပါမားကက်များတွင် ဆန်ဈေးနှုန်းများမြင့်တက်မှုမှာ ဆက်လက်တည်ရှိနေနိုင်ကြောင်း ဆန်လက်ကားရောင်းဝယ်ရေးနယ်ပယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အချို့သော စားသောက်ဆိုင်များသည် ဆန်ဈေးတက်ခြင်းအပေါ် လိုအပ်သည့်စီမံဆောင်ရွက်မှုများကို စတင် လုပ်ဆောင်နေပြီဖြစ်သည်။

ဂျပန်နိုင်ငံ၌ အမဲသားထမင်းပေါင်း ဆိုင်ခွဲများကို ဖွင့်လှစ်လုပ်ကိုင်နေသည့် အဓိကကုမ္ပဏီတစ်ခုဖြစ်သော Yoshinoya Holdings သည် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် ဆန်များကိုသာ အသုံးပြုခဲ့ရာမှ ပြည်တွင်းဆန်ဈေးနှုန်းမြင့်တက်မှု၏ သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းမှုအဖြစ် ယခုနွေဦးပေါက်ရာသီတွင် ဂျပန်ဆန်နှင့်နိုင်ငံခြားဆန်များအား ရောနှောသုံးစွဲမှု ပုံစံသို့ ပြောင်းလဲခဲ့သည်ဟု အဆိုပါကုမ္ပဏီ၏ ပြည်သူ့ဆက်ဆံရေး အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

သို့သော် လက်ရှိအခြေအနေသည် အရေးပေါ်အခြေအနေမဟုတ်ကြောင်း နိုင်ငံတစ်ဝန်း ဆန်ဖြန့်ဖြူးသူများ၏ သမဝါယမ အဖွဲ့တစ်ဖွဲ့က အလေးပေးပြောကြားခဲ့ပြီး ဆူပါမားကက်များနှင့် စားသောက်ဆိုင်အချို့တွင် ပြတ်လပ်မှုများရှိသော်လည်း ထောက်ပံ့မှု လုံလုံလောက်လောက် ရှိနေသေးသည်ဟုဆိုသည်။ ယခုနှစ်တွင် ပြည်တွင်းဝယ်လိုအားနှင့်ကိုက်ညီစေရန် အဓိက စားနပ်ရိက္ခာဖြစ်သည့်ဆန်အား တန်ချိန် ၆ ဒသမ ၆၉ သန်းခန့် ရိတ်သိမ်းထုတ်လုပ်ရမည်ဖြစ်ကြောင်း ဂျပန် စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၌ COVID-19 ကပ်ရောဂါဆိုင်ရာ ခရီးသွားလာမှုကန့်သတ်ချက်များ ဖယ်ရှားမှုနှင့်အတူ ယန်းငွေတန်ဖိုး အားနည်းလျက်ရှိခြင်းက ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်မှု တိုးမြင့်လာသည်ကို တွေ့မြင်ရသည်။ Japan Tourism Agency ၏ ၂၀၂၃ ခုနှစ်အတွက် ဂျပန်နိုင်ငံသို့ ပြည်ပခရီးသွားများ ဝင်ရောက်မှုအစီရင်ခံစာအရ ဂျပန်နိုင်ငံ၌ ရောက်ရှိလည်ပတ်စဉ် ကာလအတွင်း နိုင်ငံခြားသားဧည့်သည်များ အနေဖြင့် ၎င်းတို့အဓိကလုပ်ဆောင်လိုသည့် ကိစ္စရပ်များအနက် ဂျပန်အစားအစာ များစားသုံးမှုကို ပထမဦးစားပေးနေရာတွင်ထားရှိကြောင်းသိရသည်။

Source: SS Rice News, 27 June 2024 **(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)** https://www.doca.gov.mm/

## သကြားတန်ချိန် ၂ သိန်း ဖိလစ်ပိုင်တင်သွင်းမည်



ဖိလစ်ပိုင်နိုင်ငံတွင် ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းများမြင့်တက်မှုမှ ကာကွယ်နိုင်ရန်နှင့် ကုန်စည်လုံလောက်မှု သေချာခိုင်မာစေရန်အတွက် အနည်းဆုံးပမာဏအားဖြင့် သကြားတန်ချိန် ၂၀၀,၀၀၀ ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလနောက်ဆုံးထား၍ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင် စိုက်ပျိုးရေးအတွင်းဝန် Francisco Tiu Laurel Jr. က ၎င်းအနေဖြင့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သကြား လုပ်ငန်းကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (SRA) သည် ဇူလိုင်လတွင်ကျင်းပမည့် အစည်းအဝေး၌ အဆိုပါသကြားတင်သွင်းမည့်

အစီအစဉ်ကို အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ သကြားရောင်းလိုအားအခြေအနေကို နှိုင်းချိန်စဉ်းစားမှုအပေါ် မူတည်၍ တင်သွင်းခွင့်ပြုမည့်ပမာဏ တိုးမြှင့်ဖွယ်ရှိကြောင်း၊ ရှေ့လာမည့် အောက်တိုဘာလတွင် နိုင်ငံတစ်ဝန်းရှိ သကြားစက်များ စတင်လည်ပတ်ထုတ်လုပ်မည့် ရာသီကာလမတိုင်မီ ဩဂုတ်လ၌ သကြားလက်ကျန်မှာ ပြတ်လပ်ဖွယ်ရှိကြောင်း ကြိုတင်တွက်ဆမှုများအရ အနည်းဆုံး သကြားပမာဏ တန်ချိန် ၂၀၀,၀၀၀ ကို တင်သွင်းရမည်ဖြစ်ကြောင်း၊ ၎င်းပမာဏသည် ရိတ်သိမ်းမှုနှင့် ကြံကြိတ်ဝါးထုတ်လုပ်မှု ရာသီကာလမတိုင်မီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ သကြားတင်သွင်းမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ လွန်ခဲ့သော ၆ လကာလကပင် ကြံစိုက်ပျိုးထုတ်လုပ်သူများအပါအဝင် သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းမှုများဆောင်ရွက်ထားပြီးဖြစ်ကြောင်းဖြင့် ၂၆-၆-၂၀၂၄ ရက် ညနေပိုင်း၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ကြံရိတ်သိမ်းရာသီချိန်ပြင်ပနှင့်ကြိတ်ဝါးထုတ်လုပ်မှု ရာသီအလွန်ကာလများတွင် သကြားဈေးနှုန်းများတည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် ပုဂ္ဂလိကကဏ္ဍ အတိုင်ပင်ခံကောင်စီ လယ်ယာစိုက်ပျိုးရေးကဏ္ဍအုပ်စုက တင်ပြခဲ့သော သကြားတင်သွင်းမှုအဆိုပြုချက်ကို ယခုနှစ်အစောပိုင်းကပင် သမ္မတမားကို့စ်က အတည်ပြုထားပြီးဖြစ်သည်။ လက်ရှိအချိန်မှာ သကြားထုတ်လုပ်မှုရာသီ အလွန်ကာလအတွင်း ကျရောက်နေပြီဖြစ်ပြီး ကြံသီးနှံအသစ်ထွက်ပေါ် ကြိတ်ဝါးထုတ်လုပ်မှုသည် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်မည်ဖြစ်သည်။

SRA အာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ ဇွန်လ ၉ ရက်ရှိ သကြားကုန်ချော လက်ကျန်ပမာဏမှာ ၄၉၂,၉၈၅ ဒသမ ၇ တန်ရှိပြီး ယခင်နှစ်ကာလတူရှိ လက်ကျန် ၄၃၂,၂၁၅ ဒသမ ၀၅ တန်နှင့်နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း ပိုမိုလျက်ရှိကြောင်း၊ သကြားကုန်ကြမ်း လက်ကျန်သည် ယခင်နှစ်ကာလတူထက် ၂၉ ရာခိုင်နှုန်း မြင့်မားပြီး တန်ချိန် ၄၃၆,၂၂၉ ကျန်ရှိကြောင်း၊ ပြည်တွင်း၌ လစဉ်သကြားဝယ်လိုအားမှာ တန်ချိန် ၁၈၀,၀၀၀ မှ ၂၄၀,၀၀၀ အတွင်းရှိကြောင်း သိရသည်။

စိုက်ပျိုးရေးအတွင်းဝန် Tiu Laurel သည် သကြားလုပ်ငန်းဆိုင်ရာ အမိန့်အမှတ်-၂ အရ ဆောင်ရွက်မည့် သကြားတင်သွင်းမှုအစီအစဉ်ကို ရည်ညွှန်းပြောဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအမိန့် အမှတ်-၂ သည် ဒေသခံတောင်သူများထံမှ ကြံများအားအမြင့်ဈေးပေးလျက် ဝယ်ယူခဲ့မှုကိုမူတည်၍ သကြားတင်သွင်းခွင့်ရမည့်သူ၏ အရည်အချင်းသတ်မှတ်ချက်ကို အဆုံးအဖြတ်ပေးရန် ခွင့်ပြုထားကြောင်း၊ SRA သည် တင်သွင်းရဖွယ်ရှိသည့် သကြားပမာဏအတွက် တင်သွင်းရသူများနှင့်တင်သွင်းခွင့်ခွဲဝေချထားမှုများကို စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ တောင်သူများကို ထိခိုက်မှုမရှိစေဘဲ လက်လီနှင့်စက်မှုလုပ်ငန်း သုံးစွဲမှုများအတွက် လုံလောက်သောပမာဏနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် သကြားလက်ကျန်ပမာဏ အဆင့်တစ်ရပ်သို့ရောက်ရှိချိန်၌ တင်သွင်းခွင့်ပြုမည့်အစီအစဉ်ကိုစတင်မည်ဟု ယခင်ကတည်းကပင် ပြောဆိုထားပြီးဖြစ်ကြောင်းဖြင့် SRA အာဏာပိုင်အဖွဲ့မှ အမှုဆောင်အရာရှိချုပ် Pablo Luis Azcona က ၂၇-၆-၂၀၂၄ ၌ ပြောဆိုခဲ့သည်။

ဖိလစ်ပိုင် သကြားထုတ်လုပ်သူများအသင်းချုပ်၏ ဥက္ကဋ္ဌ Manuel Lamata က အစိုးရ၏ သကြားတင်သွင်းခွင့်ပြုမည့် အစီအမံသည် စက်တင်ဘာလ၌ ကြံရိတ်သိမ်းရာသီ မစတင်မီအချိန် ကာလအတွင်း ကုန်စည်ပြတ်လပ်နိုင်မှုကို ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း၊ ယခုနှစ် ကြံရိတ်သိမ်းမှုသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နှောင့်နှေးကြန့်ကြာမှုရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သကြားတင်သွင်းရန် အဆိုပြုချက်ကို ဆွေးနွေးအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သကြားလုပ်ငန်းနယ်ပယ်မှ ပြောဆိုမှုများအရ သကြားတင်သွင်းခွင့်ပြုရန် ကြန့်ကြာနေမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မကြာသေးမီကာလများ၌ သကြားဈေးနှုန်းများသည် စံချိန်တင်မြင့်တက်ခဲ့ပြီး လက်လီစားသုံးသူများနှင့် စက်မှုလုပ်ငန်းသုံးစွဲသူများအနေဖြင့် ကုန်စည်ရရှိရန်ခဲယဉ်းမှုဖြစ်ပေါ်ခဲ့ကြောင်း The Philippine Star သတင်းဌာနက ဖော်ပြထားသည်။

**Source: The Philippine Star, 28 Jun 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (9.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,799 (Shares) | 23,186,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 164 | 1,459,600 | 33,109,694 | 294,676 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,300 | 3,400 | 3,300 | 929 | 3,102,750 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 121 | 992,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | -50 | -2.86% | 1,700 | 1,750 | 1,700 | 6,310 | 10,735,000 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 73 | 199,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,800 | -50 | -2.70% | 1,800 | 1,850 | 1,800 | 580 | 1,059,000 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,500 | -50 | -1.41% | 3,600 | 3,600 | 3,450 | 1,622 | 5,638,500 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.75 | -2.98 | -0.73% | 406.14 | 408.10 | 405.75 | 9,799 | 23,186,450 | 8 | 765,327 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 9,799 (Shares) | 23,186,450 (MMK) |

### Main Board

As of 1:00 pm, 9th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,799 (Shares) | 23,186,450 (MMK) |

| MYANPIX | 405.75 ▼ 2.98 |
|---|---|
| Total Volume (shares) | 9,799 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,327 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,700 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,800 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,500 | ▼ 50 |

TIR